## စကားလုံး၊ အထိမ်းအမှတ် သင်္ကေတနှင့် အရောင်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

ယခုရေးဆွဲထားသောပုံမှာ ရန်ကုန်တိုင်းဒေသကြီးကို ကိုယ်စားပြုမည့် လာဘ်ကောင်အရုပ်ဖြစ်သည့် ပစ်တိုင်းထောင်အရုပ်အား အခြေခံထားပြီး ရန်ကုန်တိုင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အတွက်အသုံးပြုရန် ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ လာဘ်ကောင်ဖြစ်သည့် ပစ်တိုင်းထောင် အရုပ်ကလေးများသည် အဖိုနှင့်အမ တစ်စုံဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့ရိုးရာ ဝတ်စားဆင်ရင်မှုကို အထူးတလှယ် ဖော်ထုတ်ပြသလိုသောဆန္ဒဖြင့် ပစ်တိုင်းထောင် အဖိုအား မြန်မာ့ရိုးရာခေါင်းပေါင်း ဆင်မြန်းပေးထားပီး၊ ပစ်တိုင်းထောင် အမအား မြန်မာဘီးဆံထုံးနှင့် ရိုးသားသော မြန်မာစိတ်ရင်းကို ဖော်ကျူးလိုခြင်း အလို့ငှာ ပုလဲပုတီးအဖြူလေးများဖြင့် တန်ဆာဆင်ထားပါသည်။ လာဘ်ကောင်ဖြစ်သည့် ပစ်တိုင်းထောင်ရုပ်ကလေးများသည် မြန်မာနိုင်ငံအလံ မီးပုံပျံဖြင့် ရန်ကုန်မြို့၏ သာယာလှပပုံကို ပျော်ရွှင်စွာ ခံစားကြည့်ရှု နေခြင်းဖြစ်ပါသည်။ ယခုလက်ရှိ မြန်မာနိုင်ငံသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် သဏ္ဍာန်ကို ပြသလိုခြင်းပင်ဖြစ်သည်။ ရန်ကုန်တိုင်း၏ အထင်ကရ Landmark များဖြစ်သည့် မြန်မာနိုင်ငံ၏ အထွဋ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်ကြီး၊ ရန်ကုန်မြို့၏ နှလုံးသည်းပွတ်ပမာ တင်စားသော ဆူးလေစေတီတော်၊ သမိုင်းဝင် အဆောက်အဦများဖြစ်ကြသော မြို့တော်ခန်းမ၊ တရားရုံးချုပ်၊ လွတ်လပ်ရေးကျောက်တိုင်နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးတို့အား ခရီးသွားဆွဲဆောင်မှုအဖြစ် ထည့်သွင်းရေးဆွဲထားပါသည်။ ၄င်းနောက် ရန်ကုန်တိုင်း၏ သွားလာဆက်သွယ်ရေး လွယ်ကူလျှင်မြန်စေရန် စီစဉ်ပေးထားသော YBS၊မြန်မာ့မီးရထား၊ Water bus နှင့် လေကြောင်းပို့ဆောင်ရေးများကိုပါ ဖော်ပြရေးဆွဲ ထားသည့်အပြင် ပို့ဆောင် ဆက်သွယ်ရေးပိုမိုချောမွေ့စေရန် ရည်ရွယ်၍ ၂၀၁၉ တွင် ရန်ကုန်မြို့၌တည်ဆောက်မည့် မိုးပျံ အမြန်လမ်းမကြီး (Yangon Elevated Expressway) ကိုပါ ကြိုဆိုသောအားဖြင့် ထည့်သွင်းရေးဆွဲ ဂုဏ်ပြုထားခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ကရဝိတ် | လိမ္မော်ရောင် | ပျော်ရွှင်ခြင်း |
| တရားရုံးချုပ် | အနီရောင် | ရဲရင့်ပြတ်သားခြင်း |
| ရွှေတိဂုံ | အဝါရောင် | အနှိုင်းမဲ့ခြင်း |
| ဆူးလေ | လိမ္မော်ရင့် | သမိုင်းဝင်ခြင်း |
| ဗိုလ်ချုပ်ဈေး | ပန်းရောင် | ထာဝရ နုပျိုခြင်း |
| လွတ်လပ်ရေးကျောက်တိုင် | အပြာရောင် | လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း |
| မြို့တော်ခန်းမ | ခရမ်းပြာရောင် | တော်ဝင်သောခန်းနားမှု |